# ပြည်သူ့လွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော် တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ပြည်သူ့လွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်သည် တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ရေးရာဆောင် (I-6) ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားဘဝ မြှင့်တင်ရေးဥပဒေဆိုင်ရာကိစ္စရပ်များ၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးသီးနှံထွက်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး၊ ချေးငွေ၊ နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်း အကူအညီပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမြေအပေါ် လုံခြုံစွာအသုံးပြုနိုင်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။